# ဂျီအိုဗန်နာ၏ဖြေရှင်းနည်း

## The Giovanna Solution

၄နှစ်ခန့်အကြာ ၄၄နာရီခရီးဘတ်စ်ကားစီးပြီးနောက် ကျွန်မ၏ သမီး၊ သမက်နှင့် မြေးကလေး ဂျီအိုဗန်နာတို့ကိုတွေ့ရန် ရောက်ရှိခဲ့တော့သည်။ မြေးမလေးကား အလွန်ချစ်စရာကောင်း၊ စကားအလွန်တတ်ပြီး အလွန်ဉာဏ်ကောင်းသူကလေးဖြစ်သဖြင့် ကျွန်မ၏ နှလုံးသည်းပွတ်ကလေးဖြစ်ပါသည်။ (ထိုသို့ပြောမိသဖြင့် အခြားသော ဘိုးဘိုးဘွားဘွားဖြစ်သူများကို တောင်းပန်ပါသည်။ သို့သော် ကျွန်မ၏ မြေးကလေးကား လောကတွင် ချစ်စရာအကောင်းဆုံးနှင့် အံ့သြဖွယ်အကောင်းဆုံး ဖြစ်ပါသည်။ သင်သည်လည်း သင်၏မြေးကလေးကို ဤသို့ပင် ထင်မှတ်ခံစားမည်မှာ သေချာပါသည်။)

သူမနှင့်အတူရှိနေခိုက် သူမကို ပိုမိုနားလည်သဘောပေါက်အောင် ကြိုးစားရင်း သူမနှင့်အချိန်ပြည့် လိုလိုနေခဲ့သည်။ ဂျီအိုဗန်နာသည် သူမ၏မိခင် သူ့အရွယ်တုန်းကကဲ့သို့ပင် တစ်ထေရာတည်းတူ၍ တစ်ထပ်တည်း ပြုမူပြောဆိုသည်မှာ အံ့သြစရာပင်။ သို့သော် ဂျီအိုဗန်နာတွင် သူမ၏ သီးခြားကိုယ်ပိုင်ကိုယ်ရည်ကိုယ်သွေးနှင့် နည်းလမ်းများရှိသည်ကား သေချာပါသည်။

ကျွန်မသည် သားသမီးများ၏ ပညာရေးကို အထူးအလေးပေးပြီး ငယ်စဉ်ကပင် သင်ကြားပေးခဲ့သည်။ ကျွန်မ၏ သမီးနှင့် သားမက်တို့ကလည်း ဂျီအိုဗန်နာကို ထိုကဲ့သို့ပင် စိတ်အားထက်သန်စွာ အလေးထားသင်ကြားပေးခဲ့ကြပါသည်။ ဂျီးအိုဗန်နာသည် လ၂၀သမီးအရွယ်တွင်ပင် စာလုံးအချို့ကို ဖတ်တတ်သည်။ ၂၀အထိ ရေတွက်တတ်သည်။ အခြေခံအရောင်များကိုသိသည်။ ဂျီသြမေထရီ ပုံများကို လေ့လာစပြုနေပြီ။ သမ္မာကျမ်းစာပါ လင်္ကာအချို့ကို မှတ်မိနေခဲ့ပြီဖြစ်သည်။ သူမသည် ဉာဏ်ကောင်းလွန်းသော်လည်း မတ်တတ်ပြေးစအရွယ်တိုင်း၏ သဘာဝအတိုင်း အပြစ်ကင်းစင်မြဲ ဖြူစင်မြဲဖြစ်သည်။

တစ်နေ့တွင် သူမသည် လှည့်ပတ်ပြေးလွှားကာ ခုန်ပေါက်ဆူညံနေသည်။ ထိုနောက် သူမအနှစ်သက်ဆုံးသော အေပုံသဏ္ဍာန် လေ့ကျင့်ခန်းကို အိပ်ရာထဲတွင် ပြုလုပ်စဉ် (ဦးခေါင်းနှင့် ခြေထောက်များကို ဖျာပေါ်တွင်စိုက်ကာ၊ လက်များကို ယှက်လိုက်ခြင်းဖြင့် A ပုံသဏ္ဍာန်ပြုလုပ်ခြင်း) ကြမ်းပေါ်သို့ဝုန်းကနဲ ပြစ်ကျသွားခဲ့သည်။ သူမခမျာ ကြက်သေသေသွားသည်။ ပြင်းပြင်းထန်ထန် ထိခိုက်မှုမရှိ၍ တော်သေးတော့သည်။ လဲကျရာနေရာတွင်ပင် ထိတ်လန့်စိတ်၊ မယုံကြည်နိုင်စိတ်၊ အားငယ်စိတ်တို့ဖြင့် ခဏမျှထိုင်နေခဲ့သည်။

သူမသတိဝင်လာသောအခါ မတ်တတ်ရပ်လိုက်သည်။ သူမ၏မမျှော်လင့်သော လိမ့်ကျခြင်းသည် အကျမတော်ပါက ထိခိုက်ဒဏ်ရာရရှိနိုင်သဖြင့် သူမနှင့်အတူ ဝတ်ပြုဆုတောင်းကြရန် ပြောလိုက်သည်။ ဆုတောင်းပြီးကြသည်နှင့် သူမ၏ မျက်လုံးညိုကြီးများကို ဖွင့်ကြည့်လိုက်သည်။ သူမ၏ မျက်ဝန်းတွင်ကား နောက်ပြောင်ကျီစယ်သည့် အရိပ်အရောင်များကို ထင်ရှားစွာ ပေါ်လွင်နေပါတော့သည်။ သူမ၏ ပိုက်ထားသော လက်များကို ဖြည်လိုက်ကာ သူမ၏ငယ်ရွယ်သော ဘဝ၏အရေးကြီးကိစ္စများကို ပြန်လည်ပြုလုပ်ရန် အဆင်သင့်ဖြစ်နေပါတော့သည်။ ပို၍ခုန်ပေါက်ပြီး ပို၍ဆော့ကစားနေပါတော့သည်။

တစ်ရက်နှစ်ရက်အကြာတွင် သူမ၏ဖခင်က အခြားမြို့သို့ ရက်အနည်းငယ်ကြာ ခရီးထွက်ရန် လိုအပ်လာခဲ့သည်။ သူမ၏ဖခင်ကို အောက်မေ့နေရှာသည်။ ဖခင်က ဂျီအိုဗန်နာနှင့် နှစ်ဦးတည်း နေ့စဉ်အချိန်မှန် တွေ့ဆုံချိန်သတ်မှတ်ပေးထားသည်။ ဖြစ်နိုင်သမျှ အချိန်မှန်တွေ့ဆုံသည့် အလေ့အကျင့်ပြုလုပ်ထားသည်။ ထို့ကြောင့် ဖခင်ခရီးထွက်သွားသောအခါ သူမက အောက်မေ့သတိရနေခြင်း ဖြစ်ပေသည်။ တစ်နေ့တွင် ဤသို့ဝမ်းနည်းနေမည့်အစား ဖခင်အတွက် ဆုတောင်းကြရန် သူမ၏မိခင်ကပြောကာ ဖခင်အတွက် ဆုတောင်းကြသည်။ ဆုတောင်းပြီးသည်နှင့် တပြိုင်နက်မှာပင် ဂျီအိုဗန်နာ၏ မျက်နှာပြင်သည် ဝမ်းနည်းပူဆွေးရာမှသည် ငြိမ်းအေးရွှင်လန်းကာ ယုံကြည်မှုပြည့်ဝသည့်အသွင်သို့ ချက်ချင်းပြောင်းသွားသည်။ ယင်းနောက် ပျော်ရွှင်စွာ ပြေးလွှားဆော့ကစား၊ နောက်ပြောင်ကျီစယ်နေပါတော့သည်။

သူမ၏ ရိုးသားသော ယုံကြည်မှုက ကျွန်မ၏ကိုယ်ပိုင် ယုံကြည်မှုကို ပြန်လည်ဆန်းစစ်မိခဲ့စေသည်။ တစ်ခုခုဆုတောင်းပြီးပါက ဘုရားသခင် ဖြေကြားလိမ့်မည်ဟု ယုံကြည်ရပါမည်။ သို့ရာတွင် တစ်ခုခုကို ဆုတောင်းပြီးသည်နှင့် တပြိုင်တည်း ပူပန်ရသည့် အခြေအနေကို ချက်ချင်းရပ်တန့်ပြစ်လိုက်ရပါမည်။ အဘယ်ကြောင့်ဆိုသော် အဖြေသည် လမ်းကြောင်းပေါ်တွင် ရှိနေပြီကို ကျွန်ုပ်တို့ အမှန်တကယ် ယုံကြည်သောကြောင့်ပင်ဖြစ်သည်။ ဂျီအိုဗန်နာကား စစ်မှန်စွာ ယုံကြည်သောကြောင့် သူမဘဝကို ပျော်ရွှင်စွာနေနိုင်ခြင်းဖြစ်သည်။

သို့ဆိုလျှင် အဘယ်ကြောင့် ပူပန်နေရမည်နည်း။ ကျွန်မတို့၏ ကိုယ်ပိုင်အခက်အခဲများနှင့် မကျေလည်မှုများတွင် ဂျီအိုဗန်နာ၏ ဖြေရှင်းနည်းကို လက်တွေ့အသုံးပြုနိုင်ပါသည်။ ကျွန်ုပ်တို့သည် အဆိုပါ အခြေအနေများကို ဘုရားသခင်အား ဆုတောင်းစဉ်တွင် ရိုးသားစွာတာဝန်ခံဖို့လိုသည်။ ထိုနောက်အဖြေသည် မည်သည့်အချိန်တွင် မည်သို့ပင်ဖြစ်လာပါစေ စိုးရိမ်ပူပန်မှု မထားရန်လိုပေသည်။

(ဗစ်တိုးရီးယား အိုလီဗက်တာ)

**(By. Victoria Olivetta)**

# “ကလေးဆန်ဆန်ယုံကြည်မှု”

## Childike Faith

စင်စစ်အားဖြင့် ဂျီးဆက်က “ငါအမှန်အကန်ဆိုသည်ကား သင်တို့သည် ပြောင်းလဲ၍ သူငယ်ကဲ့သို့မဖြစ်လျှင် ကောင်းကင်နိုင်ငံတော်သို့ မရောက်ရကြ” (ရှင်မဿဲခရစ်ဝင် ၁၈း၃) ဟူ၍လည်းကောင်း၊ “ထိုသူငယ်တို့ကို ငါ့ထံသို့လာပါလေစေ။ မဆီးတားကြနှင့်။ ဘုရားသခင်၏ နိုင်ငံ

တော်သည် ထိုသို့သော သူတို့၏နိုင်ငံဖြစ်၏" (ရှင်မာကုခရစ်ဝင် ၁၀း၁၄) ဟူ၍လည်းကောင်း မိန့်ဆိုထား၏။ ချစ်ခြင်းမေတ္တာ၊ ချိုမြိန်မှု၊ ရိုးရှင်းသောယုံကြည်မှုများ စသည့် ကလေးဆန်ဆန် ယုံကြည်မှုများနှင့် လက်ခံရရှိမှုများအားလုံးသည် ကျွန်ုပ်တို့အတွက် ဘုရားသခင်၏ လက်တော်တွင်ရှိနေပေသည်။ ကျွန်ုပ်တို့သည်လည်း ကလေးများနှင့် အတူတူပင်ဖြစ်သည်။

ကလေးများသည် ကောင်းကင်မှကျလာသော နတ်သားကလေးများသဖွယ် ကောင်းကင်ဘုံ၏ နိုင်ငံသားများပမာ ဖြစ်ကြပါသည်။ သူတို့သည် ကောင်းကင်ဘုံမှ ဆင်းသက်လာကာစ ပူပူနွေးနွေး လူသားကလေးများဖြစ်ကြသဖြင့် ဆုတောင်းခြင်းနှင့် အခြားသောဝိညာဉ်ဆိုင်ရာ ကိစ္စများတွင် လူကြီးများထက် ပို၍နားလည်သဘောပေါက်ကြပါသည်။ သူတို့က ဘုရားသခင်နှင့် စကားပြောသကဲ့သို့ ဘုရားသခင်ကလည်း သူတို့နှင့်စကားပြောပါသည်။ ယင်းက ရှင်းလင်းပါသည်။ သူတို့၏ စင်ကြယ်သော၊ ရိုးသားသော၊ ကလေးဆန်သော၊ ယုံကြည်မှုဖြင့် ဘုရားသခင်၏ နားတော်သို့ရောက်ရန် အခက်အခဲမရှိကြပေ။ ဤအချက်က ကလေးများအား ယုံကြည်မှုပြည့်ဝစေရန် ချီးမြှင့်ပေးထားခြင်းဖြစ်သည်။ ယုံကြည်မှုသည် သူတို့ထံသို့ သဘာဝအလျောက် ရောက်ရှိလာပါသည်။ သူတို့တွင် ဘုရားသခင်မိန့်မှာသမျှ မဖြစ်နိုင်သောအရာမရှိ။ မည်သည့်ယုံကြည်မှုရှိသည်။

လူကြီးများနှင့် ပတ်သက်သော ပြဿနာကား တတ်သိလွန်းနေခြင်းပင် ဖြစ်ပါသည်။ သူတို့သည် ကလေးဆန်သော ယုံကြည်မှုမှလွန်၍ ပညာဆည်းပူးခဲ့ဖူးကြသည်။ သို့ရာတွင် ပညာရှင်များက မဖြစ်နိုင်ပါ။ မလုပ်နိုင်ပါဟု ပြောသောအရာများကို နေ့စဉ်ပြုလုပ်နေကြသော ကလေးဆန်သော ယုံကြည်မှုရှိသူအချို့ ရှိပါသည်။ ထို့ကြောင့် ကလေးငယ်ကဲ့သို့ ယုံကြည်ပါ။ ထူးဆန်းသောအရာများ ဖြစ်လာနိုင်ပါသည်။

(ဒေးဗစ် ဘရန့်တ် ဘာ့ဂ်)

(By. David Brandt Berg)